# အခန်း(၁) ကျောင်းသွားကြမယ်

## ကျောင်းသွားကြမယ်



တေးရေး - ဦးဗိုလ်မြင့် ကျောင်းအုပ်ကြီး(ငြိမ်း)

လာသူငယ်ချင်းများတို့
ကျောင်းသွားကြမယ်
သားသားတို့လဲ လိုက်မယ်
မီးမီးတို့လဲ လိုက်မယ်
ကျောင်းနေရွယ်သူငယ်ချင်းများ
ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်
သွားကြမယ် ကျောင်းသို့ကွယ်
ညီညီညာညာ တို့တတွေ
ကျောင်းသွားကြမယ်။

(လူတော်လူကောင်းဖြစ်ဖို့ကွယ်
နိုင်ငံတော်အတွက်အားထားဖွယ်
အသိစိတ်ဓာတ်တာဝန်အပြည့်နဲ့
ကြိုးစားကြရမယ်)၂

လွယ်အိတ်လေးလဲလွယ်
ရောင်စုံပန်းများအလယ်
ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်
သွားကြမယ် ကျောင်းသို့ကွယ်
ညီညီညာညာ တို့တတွေ
ကျောင်းသွားကြမယ်။


# ကျောင်းသွားကြမယ်

တေးရေး - ဦးဗိုလ်မြင့် ကျောင်းအုပ်ကြီး(ငြိမ်း)




DBE BOX

# အခန်း(၁) ကျောင်းသွားကြမယ်




**Dotted Minim**


ဤသင်္ကေတသည် ရိုက်ချက် ၃ ချက်စာ အသံရှည်ရှိသည်။

## အသံအပြင်းအပျော့သင်္ကေတများ

### Mezzoforte ( *mf* )




Mezzoforte သင်္ကေတသည် အသံကိုအနည်းငယ် ပြင်းပြင်းကျယ်ကျယ် သီဆိုတီးမှုတ်ရသော သင်္ကေတအမှတ်အသားဖြစ်သည်။




### Forte ( *f* )



Forte သင်္ကေတသည် အသံကိုပြင်းပြင်းကျယ်ကျယ် သီဆိုတီးမှုတ်ရသော သင်္ကေတအမှတ်အသားဖြစ်သည်။





DBE BOX

## အသံတူထပ်ဆင့် သီဆိုကြစို့

| ၁ | ၂ | ၃ | ၄ | ၁ | ၂ | ၃ | ၄ | |
|---|---|---|---|---|---|---|---|---|
| လွယ်အိတ် | လေးလဲ | လွယ် | - | ရောင်စုံ | ပန်းများ | အလယ် | - | |
| 𝄽 | 𝄽 | လွယ်အိတ် | လေးလဲ | လွယ် | - | ရောင်စုံ | ပန်းများ | အလယ် |

## Tie ( )

တူညီသောအသံရှိသည့် သင်္ကေတနှစ်ခုကို မျဉ်းကွေးဖြင့်ဆက်၍ ဖော်ပြပြီး မျဉ်းကွေးအစရှိ အသံကိုဆိုတီးပြီးပါက ဒုတိယအသံကို နောက်ထပ်သီဆိုတီးရန်မလိုဘဲ အသံရှည်ဆွဲထားရန် ဖြစ်သည်။





## Slur နှင့် Tie ၏ ကွာခြားချက်

Slur သင်္ကေတတွင် မျဉ်းကွေး၏ အစအသံနှင့် အဆုံးရှိအသံသည် တစ်ထပ်တည်းတူညီမှု မရှိပါ။ တစ်ဆက်တည်းချောမွေ့စွာ သီဆိုတီးမှုတ်ရန်ဖြစ်သည်။ ဥပမာ-




Tie သင်္ကေတတွင် မျဉ်းကွေး၏အစအသံနှင့် မျဉ်းကွေး၏အဆုံးအသံမှာ အတူတူပင်ဖြစ် သည်။




DBE BOX

## အဖွဲ့လိုက် စုပေါင်းသီဆိုကြစို့

အပိုဒ်(A)နဲ့(C)မှာ အသံနည်းနည်းကျယ်ပြီး
ဆိုရင် တက်တက်ကြွကြွဖြစ်ပြီး
ပျော်စရာကောင်းမယ်

အပိုဒ်(B)မှာ အသံကျယ်ကျယ်နဲ့
အားတက်သရောတက်တက်ကြွကြွ
သီဆိုကြမယ်





အပိုဒ်(B)မှာ အသံအကျယ်ဆုံးနဲ့ အဖွဲ့လိုက်ညီညီညာညာ သံပြိုင်သီဆိုကြစို့



တေးသီချင်းကို အဖွဲ့လိုက်
သီဆိုသရုပ်ဖော်ကြစို့



DBEBox

# အခန်း(၂) တူးပို့ တူးပို့

## တူးပို့ တူးပို့

တေးရေး - မြို့မငြိမ်း

သင်္ကြန်နှစ်ဦး တူးပို့တူးပို့
တူးသံ မြူးသာယာ
သင်္ကြန်မယ်များ တူးပို့တူးပို့ တူးမာရဲ့နော်ဗျာ
ငွေငန်းသံစုံ တူးပို့တူးပို့ အာရုံဖျော်ဖြေတာ
မယ်တို့ကိုလဲ တူးပို့တူးပို့ မာပါစေခင်ဗျာ။

ပိတောက်တွေ ဝင်းလျှံ ရွှေရည်လူး တူးပို့တူးလဲ့ဝါ
ညင်းလေဖြူးဖြူး ဆော်ကာမြူး တူးပို့တူးညင်သာ
သင်္ကြန်ရေ အေးတာ အေးတာ
သင်္ကြန်ရေ အေးတာ အေးတာ
ရွှဲရွှဲလောင်းပါ တူးပို့တူးပို့
တူးသံမြူးသည် ချစ်ကြည်သင်္ကြန်ခါ။



# တူးပို့ တူးပို့

တေးရေး - မြို့မငြိမ်း





DREBOX

## အခန်း(၂) တူးပို့ တူးပို့




**Whole Rest**



ဤသင်္ကေတသည် ရိုက်ချက်လေးချက်စာ ရပ်နားရသော သင်္ကေတအမှတ်အသား ဖြစ်သည်။

**Ritardando**




ဤသင်္ကေတသည် တဖြည်းဖြည်းနှေးပြီး သီဆိုတီးမှုတ်သည့် သင်္ကေတအမှတ်အသား ဖြစ်သည်။

**Fermata**




ဤသင်္ကေတသည် စိတ်ကြိုက်အသံရှည်ဆွဲခြင်းနှင့် တေးသွားအဆုံးသတ်ခြင်းတို့တွင် အသုံးပြုသော အမှတ်အသားဖြစ်သည်။

## Ostinart


Ostinart ဆိုသည်မှာ Rhythm Pattern (ဗုံအသံ)ပုံစံတူများကို သီချင်းဆုံးသည်အထိ ထပ်ကာ ထပ်ကာ တစ်ဆက်တည်း တီးခတ်ရသည့်ပုံစံဖြစ်သည်။

## Ostinart ကို သီဆိုတီးမှုတ်ခြင်း

**သင်္ကြန်သီချင်း ဗုံအသံထွက်ကို သီဆိုကြစို့**




**ဗုံအသံထွက်ကို လက်ဖြင့်ပုတ်၍ တီးကြစို့**





DBE BOX

## အခန်း(၂) တူးပို့ တူးပို့

### သင်္ကြန်သီချင်း ဗုံအသံထွက်နှင့်အတူ သီချင်းဆိုကြစို့


| (၁)လေးချက်စည်း | 1 | 2 | 3 | 4 |
|---|---|---|---|---|
| (၂)စာသား | သ င်္ကြန် | နှစ် ဦး | တူး ပို့ | တူး ပို့ |
| (၃)ဗုံအသံထွက် | တူ | ဗေ ပို | တူး ပို | တူး ပို |

(၄)လက်ပုံစံ 


| (၁)လေးချက်စည်း | 1 | 2 | 3 | 4 |
|---|---|---|---|---|
| (၂)စာသား | တူး သံ | မြူး သာ | ယာ | |
| (၃)ဗုံအသံထွက် | တူ | ဗေ ပို | တူး ပို | တူး ပို |

(၄)လက်ပုံစံ 

| (၁)လေးချက်စည်း | 1 | 2 | 3 | 4 |
|---|---|---|---|---|
| (၂)စာသား | သ င်္ကြန် | မယ် များ | တူး ပို့ | တူး ပို့ |
| (၃)ဗုံအသံထွက် | တူ | ဗေ ပို | တူး ပို | တူး ပို |

(၄)လက်ပုံစံ 

| (၁)လေးချက်စည်း | 1 | 2 | 3 | 4 |
|---|---|---|---|---|
| (၂)စာသား | တူး မာ | ရဲ့ နော် | ဗျာ | |
| (၃)ဗုံအသံထွက် | တူ | ဗေ ပို | တူး ပို | တူး ပို |

(၄)လက်ပုံစံ 

### သင်္ကြန်သီချင်း ဗုံအသံထွက်ကို တီးခတ်သောတူရိယာများ



## တေးသီချင်း၏ အဓိပ္ပာယ်ကို ပေါ်လွင်အောင် သီဆိုသရုပ်ဖော်ကြစို့

အဖွဲ့လိုက်တိုင်ပင်ကြစို့



အဖွဲ့လိုက်သီဆိုတီးမှုတ် သရုပ်ဖော်ကြစို့



စည်းချက်လိုက်တဲ့အဖွဲ့ | သီဆိုရင်းကတဲ့အဖွဲ့ | ဗုံသံဆိုတဲ့အဖွဲ့

# အခန်း(၃) ခြေရှေ့ထိုးအက

## ခြေအကများကို ပြန်လည်လေ့ကျင့်ခြင်း










DBE BOX

# ခြေရှေ့ထိုးအက ကကြစို့

## ခြေရှေ့ထုတ်အက

(၁)



စည်းချက်မှာ
ညာခြေဖျားထောင်ပြီး
ဖနောင့်ထောက်ထား
ရမယ်နော်

(၂)



(၃)



ဝါးချက်မှာ ညာခြေကို
ထမီနားခတ်ပြီး
ခွင်အနေအထားပြန်
ယူရမယ်နော်



ရှေ့မှမြင်ရသောပုံ

ဘေးမှမြင်ရသောပုံ

DBE BOX

## ခြေရှေ့ထိုးအက ကကြစို့

**ခြေရှေ့ထုတ်အက**

၁



စည်းချက်မှာ
ဘယ်ခြေဖျားထောင်ပြီး
ဖနောင့်ထောက်ထား
ရမယ်နော်

၂



၃



ဝါးချက်မှာ ဘယ်ခြေကို
ထမီနားခတ်ပြီး
ခွင်အနေအထားပြန်
ယူရမယ်နော်



ရှေ့မှမြင်ရသောပုံ

ဘေးမှမြင်ရသောပုံ

DBE BOX

# ခြေရှေ့ထိုးအက အဖွဲ့လိုက် စုပေါင်းကကြစို့









# အခန်း(၄) အရုပ်အတက်အဆင်းအက

## ခြေကို ရှေ့သို့လှမ်းတက်ပြီး ကကြစို့

၁



ခွင်ထိုင်နေသောပုံ

ညာခြေရှေ့ကိုတက်တဲ့
အခါ စည်းချက်မှာ
ခြေကို တင်ပါးအနီးရောက်
အောင် မြှောက်ရမယ်

၂



ရှေ့မှမြင်ရသောပုံ

၃



ရှေ့မှမြင်ရသောပုံ

ဝါးချက်မှာခြေဖနောင့်ကို
အတွင်းထားပြီး
ခွင်အနေအထားအတိုင်း
ရှေ့ကိုချရမယ်





ဘေးမှမြင်ရသောပုံ

DBE BOX

# ခြေကို နောက်သို့ဆုတ်ပြီး ကကြစို့

(၁)



ခြေလှမ်းရှေ့တက်ပြီး အနေအထားပုံ

(၂)



ခြေလှမ်းနောက်သို့ စဆင်းနေသောပုံ

နောက်ကိုဆုတ်တဲ့အခါ စည်းချက်မှာ ဘယ်ခြေကို တင်ပါးအနီးရောက် အောင် မြှောက်ရမယ်

(၃)



ဝါးချက်မှာခြေဖနောင့်ကို အတွင်းထားပြီး ခွင်အနေအထားအတိုင်း နောက်ကိုဆုတ်ရမယ်





ခြေလှမ်းနောက်သို့ဆင်းပြီးပုံ

ဘေးမှမြင်ရသောပုံ

DBE BOX


## ခြေအက အဖွဲ့လိုက် စပေါင်းကကြစို့







### စည်းဝါးဆိုရင်း ကကြစို့







## သင်ယူခဲ့ပြီးသော ကကွက်များကို အခြေခံ၍ နှစ်သက်ရာတေးသီချင်းဖြင့် ပေါင်းစပ်ဖန်တီးကပြခြင်း



ခြေရှေ့ထိုးအကနဲ့
အရုပ်အတက်အဆင်း
အကကို လက်အကနဲ့
တွဲပြီးကကြမယ်နော်





DBE BOX

# အခန်း(၅) ဗုံကြီးသံ

## ဗုံကြီးသံ

ရှေးရိုးရာတေး

(တီးလိုက်ပါတဲ့ ဗုံကြီးသံ)၂
(ထက်ကောင်းကင် ဝေယံစွန်းမှာ)၂
လွှမ်းစေဖို့ဖန် . . . လေ့။
(သိကြားမင်းရယ်တဲ့ ဘုံဗိမာန်)၂
(အယူခံဗုံသံတက်တယ်)၂
မိုးကျွက်ကျွက်ညံ . . . လေ့။



**ဗုံကြီး**

ဗုံကြီးသံမှာ ဟိန်း၍ တစ်မူထူးခြားပြီး ခံ့ညားလေးနက်သော သဘောရှိသည်။ သီဆိုရာတွင်လည်း ဗုံသံနှင့် လိုက်အောင်ငြိမ့်ညောင်းစွာ သီဆိုရသည်။



ဗုံတီးသူနှစ်ဦး၊ လင်းကွင်းတီးသူတစ်ဦး၊ နှဲမှုတ်သူတစ်ဦး ပါဝင်သော ဗုံကြီးဝိုင်းကို ကုန်းဘောင်ခေတ်ဦးတွင် စတင်ခဲ့သည်။ ဗုံကြီးသံတေးသီချင်းမှာ ဗုံကြီးဝိုင်းတွင် သီဆိုတီးမှုတ်ရန် ရေးစပ်ထားသော တေးသီချင်းမျိုးဖြစ်သည်။

လယ်စိုက်ရာ၌ နတ်များ ကူညီစောင့်ရှောက်စေရန် ရည်ရွယ်၍ပြုလုပ်သော 'လယ်ပုံချပွဲ'များတွင် သီဆိုတီးမှုတ်ကခုန်ခဲ့သည်။ ရွှေဘိုကျေးလက်မှ စတင်ခဲ့သော ဗုံကြီးဝိုင်းများသည် ကုန်းဘောင်ခေတ်တစ်လျှောက် ခေတ်စားပြီး မြို့တော် နန်းတော်အထိ ပေါက်ရောက်ခဲ့ကာ ယနေ့ထက်ထိတိုင် ဆက်လက်သီဆိုခဲ့ကြသည်။ တန်ဖိုးထားသီဆိုသွားကြပါစို့။

# ဗုံကြီးသံ

ရွှေရိုးရာတေး




ဘား ၂ ကို အစိမ်းနောက်ခံအတိုင်း အမြင့်သံဖြင့် ပြောင်းလဲမှတ်နိုင်ပါသည်။






ထပ်ကျော့တီးမှတ်ရာတွင် ဘား ၃ ကို အစိမ်းနောက်ခံအတိုင်း ပြောင်းလဲမှတ်နိုင်ပါသည်။




DBE BOX

## ဗုံကြီးသံ အသံထွက်ကို လက်ဖြင့်ပုတ်၍ တီးကြစို့




DBE BOX

## ပုံအစားထိုးတီးခတ်နိုင်သောပစ္စည်းများ

**ပုံအစားထိုးပစ္စည်းများကို တီးခတ်ကြစို့** (ဥပမာ–ခုံပုတ်ခြင်း၊ ရေသန့်ဘူး၊ ကွန်ပါဘူး၊ တစ်ရှူးဘူး စသည်ဖြင့်)









**အဖွဲ့လိုက် ပုံအစားထိုးပစ္စည်းများကို တီးခတ်ကြစို့**



**တေးသီချင်း၏ အစိပ္ပာယ်ကို ပေါ်လွင်အောင် သီဆိုသရုပ်ဖော်ကြစို့**

**အဖွဲ့လိုက်တိုင်ပင်ကြစို့**



**အဖွဲ့လိုက်သီဆိုတီးမှုတ် သရုပ်ဖော်ကြစို့**



DRAFT

# အခန်း(၆) မိဘမေတ္တာ


## မိဘမေတ္တာ

တေးစာသား - ဦးကျော်မြင့် (ပညာရေးကောလိပ်)
တေးသံစဉ် - Steven Foster (အမေရိကန်)




DBE BOX

# အခန်း(၆) မိဘမေတ္တာ


6 5 3 1 2· – – 0
လာ ဆို မီ ဒို ရေ
သား သမီး တို့ တွေ အတွက်
mp
5· 6 5 3 2 1 1̇ – 6 0
ဆို လာ ဆို မီ ရေ ဒို ဒို လာ
ခွန် အား သ တ္တိ များ ကို ပေး တယ်
6 5 3 1 3 2 1· – – 0
လာ ဆို မီ ဒို မီ ရေ ဒို
ဘဝတစ်လျှောက် တို့တွေ ငြိမ်း ချမ်း ဖွယ်



## ရိုက်ချက်တူတဲ့လိုင်းများကို ရွေးကြည့်ကြစို့







DBL BOX

## Mezzopiano ( *mp* )

Mezzopiano သင်္ကေတသည် အသံအနည်းငယ် ပျော့ပျော့ပျောင်းပျောင်း သီဆိုတီးမှုတ်ရသော သင်္ကေတအမှတ်အသားဖြစ်သည်။

## Crescendo <




Crescendo သင်္ကေတသည် အသံတဖြည်းဖြည်း အားပြင်းပြင်းဖြင့် သီဆိုတီးမှုတ်ရသော သင်္ကေတအမှတ်အသားဖြစ်သည်။




## Decrescendo >



Decrescendo သင်္ကေတသည် အသံတဖြည်းဖြည်း အားပျော့ပျော့ဖြင့် သီဆိုတီးမှုတ်ရသော သင်္ကေတအမှတ်အသားဖြစ်သည်။




DBE Box

## မိတ်ဖက်တေးသံစဉ်နှစ်ခုကို တစ်ထပ်တည်းကျအောင်မှုတ်ကြစို့

# မိဘမေတ္တာ




DBE BOX

# အခန်း(၆) မိဘမေတ္တာ

တေးစာသား - ဦးကျော်မြင့် (ပညာရေးကောလိပ်)
တေးသံစဉ် - Steven Foster (အမေရိကန်)




DBE BOX

## တေးသီချင်း၏ အဓိပ္ပာယ်ကို ပေါ်လွင်အောင် သီဆိုသရုပ်ဖော်ကြစို့

**အဖွဲ့လိုက်တိုင်ပင်ကြစို့**



**အဖွဲ့လိုက်သီဆိုတီးမှုတ် သရုပ်ဖော်ကြစို့**




# ပုပ္ပားတောင်

တေးစာသား - ဦးကျော်မြင့် (ပညာရေးကောလိပ်)
တေးသံစဉ် - ဂျပန်ရိုးရာတေး



## ဆက်လက်လေ့ကျင့်ရန်




DBE BOX


# ဖိတ်ခေါ်တယ်

♩ = 90

တေးရေး - ဦးကျော်မြင့် (ပညာရေးကောလိပ်)



## ဆက်လက်လေ့ကျင့်ရန်



# တို့တာဝန်

တေးရေး - စန္ဒရားချစ်ငွေ



## ဆက်လက်လေ့ကျင့်ရန်

# စောစောအိပ်မယ်

တေးစာသား - ဦးကျော်မြင့် (ပညာရေးကောလိပ်)
တေးသံစဉ် - Johannes Brahms (ဂျာမနီ)




DBE BOX

## ဆက်လက်လေ့ကျင့်ရန်

# စတုတ္ထတန်း သင်ခန်းစာအနှစ်ချုပ်

### Dotted Minim



Dotted Minim သင်္ကေတသည် ရိုက်ချက် ၃ ချက်စာအသံရှည်ရှိသည်။

### Mezzoforte




Mezzoforte သင်္ကေတသည် အသံကိုအနည်းငယ် ပြင်းပြင်းကျယ်ကျယ် သီဆိုတီးမှုတ်ရသည်။

### Forte





Forte သင်္ကေတသည် အသံကိုပြင်းပြင်းကျယ်ကျယ် သီဆိုတီးမှုတ်ရသည်။

### Tie




Tie သင်္ကေတသည် တူညီသောအသံရှိသည့် သင်္ကေတနှစ်ခုကို မျဉ်းကွေးဖြင့် ဆက်၍ ဖော်ပြပြီး မျဉ်းကွေးအစရှိအသံကို သီဆိုတီးပြီးပါက ဒုတိယအသံကို နောက်ထပ်သီဆိုတီးရန်မလိုဘဲ အသံရှည်ဆွဲထားရန်ဖြစ်သည်။

### Whole Rest




Whole Rest သင်္ကေတသည် ရိုက်ချက်လေးချက်စာ ရပ်နားရသည်။

### Ritardando




Ritardando သင်္ကေတသည် တဖြည်းဖြည်းနှေးပြီး သီဆိုတီးမှုတ်ရသည်။

### Fermata




Fermata သင်္ကေတသည် စိတ်ကြိုက်အသံရှည်ဆွဲခြင်းနှင့် တေးသွား အဆုံးသတ်ခြင်းတို့တွင် အသုံးပြုသည်။

### Mezzopiano





Mezzopiano သင်္ကေတသည် အသံအနည်းငယ် ပျော့ပျော့ပျောင်းပျောင်း သီဆိုတီးမှုတ်ရသည်။

### Crescendo



Crescendo သင်္ကေတသည် အသံတဖြည်းဖြည်း အားပြင်းပြင်းဖြင့် သီဆိုတီးမှုတ်ရသည်။

### Decrescendo



Decrescendo သင်္ကေတသည် အသံတဖြည်းဖြည်း အားပျော့ပျော့ဖြင့် သီဆိုတီးမှုတ်ရသည်။

DBE BOX